

Photo-Google

2020

# မိုင်းလုပ်ငန်းဆိုးကျိုးဒဏ်မှ ဒေသခံများ၏ တောင်းဆိုသံ

## မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများနှင့် ထုတ်လုပ်မှုများ



Photo-Google

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံစုပေါင်းနေထိုင်ပြီး လူဦးရေ (၅၁) သန်းခန့်ရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ကောင်းမွန်သောရာသီဥတုနှင့်အတူ သဘာဝပေါက်ပင်များ၊ တောရိုင်းတိရိစ္ဆာန်များ၊ သဘာဝသယံဇာတများပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဆယ်စုနှစ်များစွာကြာ စစ်အာဏာရှင်များ၏ အုပ်ချုပ်မှုကိုခံရပြီးနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (နအဖ)လက်ထက်တွင် စစ်အာဏာရှင်ခေါင်းဆောင်များသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဦးဆောင်ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့သည်။ အထွေထွေရွေးကောက်ပွဲများကို သုံးကြိမ်တိုင်ကျင်းပပြီးခဲ့သော်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် မြန်မာနိုင်ငံ၏လက်ရှိနိုင်ငံရေးအခန်းကဏ္ဍများတွင် စစ်တပ်မှလွှမ်းမိုးနေဆဲပင် ဖြစ်ပါသည်။

သဘာဝသယံဇာတပေါကြွယ်ဝသော မြန်မာနိုင်ငံသည် စီးပွားရေးအရ နိုင်ငံအများအပြား၏ ပစ်မှတ်ဖြစ်လာသည်။ နိုင်ငံတကာအသိုင်းအဝိုင်းသည် မြန်မာနိုင်ငံတွင်စီးပွားရေးရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်ရန် အချိန်နှင့်တပြေးညီ အရှိန်အဟုန်မြှင့်ကမ်းလှမ်းလာနေသည်ကို တွေ့ရပါသည်။

နိုင်ငံ၏ ပေါကြွယ်ဝသောသဟာဇာတများအပေါ်အခြေခံကာ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းများ၊ ရေကာတာများတည်ဆောက်ခြင်း၊ ကျောက်မီးသွေး၊ ခဲမဖြူ၊ အဖြိုက်နက်၊ ရွှေနှင့် ငွေတူးဖော်ခြင်းလုပ်ငန်းများစွာလုပ်ကိုင်နေသည်ကို ယနေ့ထိတိုင် တွေ့မြင်နေရပါသည်။

## တိုင်းရင်းသားဒေသရှိသဘာဝသယံဇာတရင်းနှီးမြှုပ်နှံမှုနှင့် နောင့်နှေးနေသောဖွံ့ဖြိုးမှု




Photo-MMWN

မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့၊ ရေနံ၊ သစ်၊ ရွှေ၊ သံဖြူ၊ ပတ္တမြားနှင့် ကျောက်စိမ်းကဲ့သို့သောအဖိုးတန် သဘာဝသယံဇာတများစွာရှိပါသည်။ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းပြချက်ဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်နေစဉ်ကာလအတွင်း သဘာဝသယံဇာတများကို အခြေခံသော ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစွာကို လုပ်ကိုင်ခွင့်ပေးခဲ့သည်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များသည်လည်း မြန်မာနိုင်ငံ၏ ပေါကြွယ်ဝသော သဘာဝသယံဇာတများကို မျက်ခြည်မပြတ်စောင့်ကြည့်နေပြီး စီးပွားဖြစ်ထုတ်ယူသုံးစွဲနိုင်ရန်အတွက် အခွင့်အရေးများရလျှင်ရသလိုအမိအရယူပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ဆောင်လာကြသည်။ နိုင်ငံတွင်းသတ္တုတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများစွာ ရှိနေသော်လည်း မြန်မာနိုင်ငံသည် အာရှတိုက်တွင် အဆင်းရဲဆုံးနှင့် ဖွံ့ဖြိုးမှုနောက်ကျနေဆဲဖြစ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

စစ်အုပ်ချုပ်ရေးကာလအတွင်း သဘာဝအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှုများသည် ပွင့်လင်းမြင်သာမှုမရှိသည့်အပြင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍများသည်လည်း နှောင့်နှေးနေဆဲဖြစ်သည်။ ထို့အပြင် သတ္တုတူးဖော်သူများနှင့် ပါဝင်ပတ်သက်သူများသည် သတ္တုတူးဖော်ခြင်းမှ ရရှိလာသောအကျိုးအမြတ်ငွေကြေးများကို ပွင့်လင်းမြင်သာစွာချပြရှင်းလင်းထားမှုများသည်လည်း အလွန်အားနည်းနေလျက်ရှိသည်။ မြန်မာနိုင်ငံအတွင်းရှိ သဘာဝအရင်းအမြစ်များသည် တိုင်းရင်းသားဒေသများတွင် အများဆုံးတည်ရှိနေပြီး အထူးသဖြင့် သတ္တုတူးဖော်ခြင်းလုပ်ငန်းများကို တိုင်းရင်းသားဒေသများတွင် အကြီးအကျယ်လုပ်ကိုင်နေကြသည်ကို တွေ့မြင်နေရသော်လည်း တိုင်းရင်းသားဒေသများ၏ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုများသည် ယနေ့ထိတိုင်နှောင့်နှေးနေသေးသည်ကို တွေ့မြင်နေရဆဲဖြစ်သည်။


လက်ရှိမြန်မာနိုင်ငံ၏ ပြည်တွင်းစစ်နှင့်ပဋိပက္ခများဖြစ်ပွားရသည့်အကြောင်းရင်းမှာ တန်းတူညီမျှမှုမရှိသောသယံဇာတခွဲဝေမှုကိစ္စရပ်များကြောင့်လည်း ပါဝင်ပါသည်။ ထို့အပြင် သတ္တုတူးဖော်ခြင်းမှ ရရှိလာသောဝင်ငွေအမြတ်များသည် ဒေသခံတိုင်းရင်းသားပြည်သူ့အစိုးရထံတိုက်ရိုက်ဝင်ရောက်ခြင်းမရှိသည့်အပြင် ဗဟိုမှခွဲဝေပေးသောငွေပမာဖြင့်သာတိုင်းရင်းသားဒေသခံအစိုးရထံရောက်နေသဖြင့် ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးနေရခြင်း ဖြစ်သည်။

## ၂၀၂၀ ခုနှစ်အတွင်း တွေ့ကြုံနေရသည့်အခက်အခဲများ

ကိုဗစ်ရောဂါကူးစက်မှုကို လျှော့ချရန်အတွက် မြန်မာနိုင်ငံအတွင်း ကျောက်စိမ်းတူးဖော်သည့်နေရာများယာယီရပ်ဆိုင်းထားသည့်ကာလကို တိုးချဲ့ခဲ့သည်ကို မြန်မာ့ကျောက်မျက်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးမှ ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။ မြန်မာ့ကျောက်မျက်လုပ်ငန်းရှင်များသည် ကျောက်စိမ်းတွင်းကုမ္ပဏီများအား ၂၀၂၀ ခုနှစ်ဇူလိုင်လမှ မုတ်သုန်ရာသီအတွင်း သတ္တုလုပ်ငန်းများကိုယာယီရပ်ဆိုင်းထားရန် ညွှန်ကြားချက် ထုတ်ပြန်ခဲ့သည်။ ယာယီဆိုင်းငံ့မှုကို ကချင်ပြည်နယ် လုံခန်-ဖားကန့်သတ္တုတွင်းဒေသရှိယာတွင် ကျင့်သုံးခဲ့သည်။


Photo-Google

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပါသောဝန်ကြီးဌာနများနှင့် လုပ်ပိုင်ခွင့်အာဏာများသည် စစ်တပ်၏ လက်ထဲတွင် ရှိနေသည့်အတွက်ကြောင့် အရပ်သားအစိုးရများအနေဖြင့် ငြိမ်းချမ်းရေးကို အဓိပ္ပာယ်ပြည့်ဝစွာ စွမ်းဆောင်နိုင်ခြင်းမရှိသည့်အပြင် မြန်မာစစ်တပ်မှ တိုင်းရင်းသာဒေသများတွင် ယနေ့ထိတိုင် ထိုးစစ်ဆင်မှုများပြုလုပ်နေလျက်ရှိသည်။ ထို့အပြင် စစ်တပ်ခေါင်းဆောင်များနှင့် ဆက်စပ်သော သတ္တုတူးဖော်ရေးလုပ်ငန်းများကိုလည်း ဆက်လက်လုပ်ကိုင်ခွင့်ပေးနေသည်။ သတ္တုတူးဖော်ခြင်းကြောင့် မြေများပျက်စီးခြင်း၊ တောင်များပြိုကျခြင်း၊ ရေလွှမ်းမိုးခြင်းအပြင် ရာသီဥတုဖောက်ပြန်ခြင်းဒဏ်ကို ဒေသခံတိုင်းရင်းသားများက ခံစားနေရပါသည်။ ထိုကဲ့သို့ဘေးဒဏ်များတွေ့ကြုံခံစားနေရသည့် ဒေသခံတိုင်းရင်းသားများအတွက် သတ္တုတူးဖော်ရေးကုမ္ပဏီများမှသော်လည်းကောင်း၊ အစိုးရတာဝန်ရှိသူများမှ သော်လည်းကောင်း၊ အခြားပါဝင်ပတ်သက်သူများမှသော်လည်းကောင်း အပြည့်အဝပြန်လည် တာဝန်ယူပေးမှု အလွန်အားနည်းနေပါသည်။ ထိုသို့ ပြုမူလုပ်ဆောင်နေခြင်းသည် ဘေးအန္တရာယ်တွေ့ကြုံခံစားနေရသည့် ဒေသခံများသာမက အထူးသဖြင့် ဒေသခံတိုင်းရင်းသားတို့၏ သယံဇာတပိုင်ဆိုင်မှု အခွင့်အရေးများကို ခေါင်းပုံဖြတ် အမြတ်ထုတ်ယူနေခြင်းသည် ငြိမ်းချမ်းရေးဖော်ဆောင်နေစဉ်ကာလအတွင်း အဟန့်အတားတစ်ခုဖြစ်စေပါသည်။


Photo-MMWN

# ၂၀၂၀ခုနှစ်အတွင်းလက်ရှိတွေ့ကြုံနေရသည့် အခက်အခဲများ




Photo-Google

ဥပမာအားဖြင့် - ၂၀၂၀ ခုနှစ် အောက်တိုဘာလ (၃)ရက်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာလေမြို့နယ်၊ နားဟိုင်းလုံကျေးရွာတွင် ရွှေတူးဖော်မှုကြောင့် စွန့်ပစ်ရေများသည် ဒေသခံများ၏ နေအိမ်ထိတိုင် ဝင်ရောက်လာသည့်အတွက် ပြည်သူများအနေဖြင့် နောက်ဆက်တွဲ ဆိုးကျိုးများကို ကြုံတွေ့ခံစားနေရပါသည်။ ၎င်းစီမံကိန်းသည် ပြီးခဲ့သည့် နှစ်ကတည်းက ဖွံ့ဖြိုးရေးစီမံကိန်းများ ရွှေလုပ်တွင်းများ ကေသိန်းချီကို ဆက်လက်ပါမစ်ပေးနေပါသည်။ ၎င်းကိုကြည့်ရှုခြင်းအားဖြင့် ပြည်သူများသည် ရွှေရေဘေးဒဏ်ကြောင့် အစားအသောက်ချက်ပြုရာတွင်လည်းကောင်း၊ လုံခြုံရေး၊ လူမှုရေးနှင့် ကျန်းမာရေးတွင်လည်းကောင်း အဆင်မပြေမှုများစွာဖြင့် ရင်ဆိုင်နေရပါသည်။ ဒေသခံများသည် စီမံကိန်းကို ရပ်တန့်ပေးရန် တောင်းဆိုမှုများရှိနေသော်လည်း ရပ်တန့်ထားခြင်း မရှိသည့်အပြင် ဆက်လက်လုပ်ကိုင်ခွင့်ပေးနေခြင်းသည် ဒေသခံ ပြည်သူများအတွက် အကျိုးမဖြစ်စေသည့်အပြင် ဘေးအန္တရာယ်တွင်းသို့ ရည်ရွယ်ချက်ရှိစွာဖြင့် တွန်းပို့ရာလည်း ဖြစ်သည်။



Photo-Google

## တိုင်းရင်းသားဒေသမှ ဒေသခံများ၏ သဘောထားဆန္ဒများ




အရပ်ဘက်အဖွဲ့အစည်းတခုဖြစ်သော ရခိုင်ပြည်နယ်ဆိုင်ရာရေနံစောင့်ကြည့်အဖွဲ့(Arakan Oil Watch - AOW)၏ ၂၀၂၀ခုနှစ် ဇူလိုင်လ (၈)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ထုတ်ပြန်ချက်အရ ရခိုင်ပြည်နယ်ရှိရေနံနှင့် ဓာတ်ငွေ့ တူးဖော်သည့်လုပ်ငန်းများသည် မြန်မာ့တပ်မတော်နှင့် ရခိုင်စစ်တပ်(AA)တို့အကြား ဖြစ်ပွားနေသည့် စစ်ပွဲအရှိန်ကို မြင့်တက်စေရန် အားပေးရာရောက်နေသည်။ ရေနံနှင့် ဓာတ်ငွေ့ထုတ်လုပ်ခြင်းမှ ရရှိလာသော ဝင်ငွေများသည် ဒေသန္တရအစိုးရ၏ ဘဏ္ဍာရေးတွင် တိုက်ရိုက်မရောက်သည့်အပြင် ပြည်ထောင်စုအစိုးရ ဘတ်ဂျတ်အတွက် တင်သွင်းရသည်။ ပြည်ထောင်စုအစိုးရကနေ ဘတ်ဂျတ်ပြန်ခွဲဝေသောအခါ တပ်မတော် ဘက်ပြန်ရောက်သည်။ သွယ်ဝိုက်စဉ်းစားမှုတခုအနေဖြင့် တပ်မတော်က ၎င်းငွေကို ပြန်လည်အသုံးချကာ လက်နက်ဝယ်ယူပြီး ရခိုင်စစ်ပွဲတွင် ပြန်အသုံးချသည့်အတွက် သယံဇာတတူးသည့် လုပ်ငန်းများသည် စစ်ပွဲကို အားပေးရာ ရောက်သည်ဟု ရှင်းပြထားသည်။

လက်ရှိကိုဗစ်ကပ်ရောဂါဖြစ်ပွားနေချိန်ကာလအတွင်း နိုင်ငံတကာကော်ပိုရေးရှင်းများသည် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံအတွင်း အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် ဆက်လက် လုပ်ကိုင်ဆောင်ရွက်နေသည်။ ဥပမာ - ရွှေသဘာဝဓာတ်ငွေ့ (Shwe Gas) စီမံကိန်း၊ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း၊ စစ်တွေနှင့်ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းစသည့် အကျိုးအမြတ်များစွာရရှိနိုင်သော လုပ်ငန်းများကို ဒေသခံပြည်သူများ၏ သဘာတူညီချက်များကိုရယူခြင်းမရှိဘဲ တရုတ်၊ အိန္ဒိယနှင့် တောင်ကိုးရီးယား ကုမ္ပဏီများမှ ဆောင်ရွက်နေသည်။

ပြည်ထောင်စုအစိုးရသည် မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့တင်ပို့ရောင်းချမှုမှ အကျိုးအမြတ်စုစုပေါင်း၏ သုံးပုံတစ်ပုံ ခန့်ကို ရွှေသဘာဝဓာတ်ငွေ့ (Shwe Gas) လုပ်ကွက်မှရရှိနေကြောင်း Arakan Oil Watch (AOW) က ပြောဆိုထားသည်။ ထို့ကြောင့် စစ်ပွဲဖြစ်ပွားနေသည့်ကာလအတွင်း ဒေသခံများအတွက်အကျိုးဖြစ်ထွန်းမှုမရှိသည့် ရခိုင်ပြည်နယ်ရှိ သယံဇာတတူးဖော်သည့်လုပ်ငန်းများကို ရပ်ဆိုင်းပေးရန် ရခိုင်ဒေသခံများသည် ယနေ့ထိတိုင် တောင်း ဆိုလျက်ရှိသည်။

## တိုင်းရင်းသားဒေသခံများမှ သဘောထားဆန္ဒများ



မြန်မာပြည်သူများ (အထူးသဖြင့် တိုင်းရင်းသားဒေသရှိပြည်သူများ) အနေဖြင့် မိမိတို့ဒေသအတွင်းရှိ အဖိုးတန် သယံဇာတများထုတ်ယူခြင်းမှ ရရှိလာသော အကျိုးအမြတ်များကို အပြည့်အဝခံစားခွင့် ရရှိသင့်သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁)၊ အပိုဒ် ၃၇(က)အရ "နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်" ဟု ပြဌာန်းထားသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သဘာဝသယံဇာတအားလုံးကို ဥပဒေပြုမှု အခွင့်အာဏာကိုလည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုလည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များမှ ပိုင်ဆိုင်ပြီး ဒေသခံပြည်သူလူထုများမှ ပိုင်ဆိုင်မှုမရှိပါ။

စီမံခန့်ခွဲမှုအပိုင်းတွင်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) ၊အပိုဒ် ၃၇(ခ) အရ "နိုင်ငံတော်သည် နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေပြဌာန်းရမည်" ဟုပြဌာန်းထားသည့်အတွက် သဘာဝသယံဇာတဆိုင်ရာစီမံအုပ်ချုပ်ခြင်းဆိုင်ရာ ဥပဒေပြဌာန်းခြင်း၊ အတည်ပြုခြင်းကို ဗဟိုအစိုးရအဆင့်သာ လုပ်ပိုင်ခွင့်ရှိသည်ကို တွေ့ရသည်။

မြန်မာ့သယံဇာတပစ္စည်းများ၏ ဝင်ငွေကောက်ခံခြင်းနှင့် ခွဲဝေမှုကဏ္ဍများကို ဗဟိုအစိုးရမှ ကောက်ခံပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရထံ ဘယ်သို့မည်ပုံပြန်လည်ခွဲဝေပေးသည်ကို တိကျစွာဖော်ပြထားခြင်းမရှိပေ။ ထို့အပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒေသန္တာရအစိုးရများသည် ဗဟိုအစိုးရမှ ခွဲဝေပေးသောဘဏ္ဍာငွေများကိုသာ ရရှိမည်ဖြစ်ပြီး ဒေသန္တာရအစိုးရများအနေဖြင့် ၎င်းတို့သဘောဆန္ဒအတိုင်း ခွဲဝေသုံးစွဲခွင့်အာဏာ မရှိသည်ကို တွေ့ရသည်။

ကိုယ်စားပြုကိုယ်စားလှယ်များနှင့်အစိုးရကို ဒေသခံပြည်သူလူထုများမှကိုယ်တိုင် ရွေးချယ်တင်မြှောက်ထားသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ သယံဇာတများနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုများသည် ဗဟိုအစိုးရ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိနေဆဲပင်ဖြစ်သည်။ ထို့အတွက်ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပြီး အသစ်ရေးဆွဲခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ရေးဆွဲခြင်းကို လုပ်ဆောင်ရမည် ဖြစ်သည်။ ထိုမှသာလျှင် ပြည်သူများ လိုအပ်တောင့်တနေသည့် ကိုယ်တိုင်ပြဌာန်းခွင့်နှင့် မိမိပိုင်ဆိုင်ထားသောသဘာဝသယံဇာတများကို လွတ်လပ်စွာ စီမံသုံးစွဲခွင့် ရရှိမည်ဖြစ်သည်။

## အနာဂတ် တိုင်းရင်းသားဒေသများထံမှ သဘာဝသယံဇာတထုတ်လုပ်မှုအပေါ် ဆန္ဒများ




Photo-MMWN

လက်ရှိအခြေအနေတွင် ဗဟိုအစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ဒေသခံပြည်သူလူထု၏ လူမှုဘဝသာယာရေးနှင့် စီးပွားရေးအကျိုးကို ဦးတည်ပြီး လုပ်ဆောင်သင့်သည်။ ဒေသခံပြည်သူလူထုများ၏ စားဝတ်နေရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး ၊ အလုပ်အကိုင်များ ၊ လုပ်ငန်းခွင်များစသည့် လူထုအတွက် အကျိုးစီးပွားဖြစ်စေသော မျှော်မှန်းချက်များကို ပိုမိုအကောင်အထည်ဖော်သင့်သည်။

စစ်မှန်သောဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေချိန်တွင် စစ်အစိုးရသည် ပြည်သူလူထု၏ အခွင့်အရေးများကို ဆက်လက်ချိုးဖောက်နေပါသည်။ သဘာဝသယံဇာတများကို အခြေခံသော သတ္တုတူးဖော်မှုများကြောင့် ၎င်းဒေသရှိ ပြည်သူများသည် ယနေ့ထိတိုင် သတ္တုတူးဖော်ခြင်းဆိုင်ရာ ဆိုးကျိုးဆက်များကို ဆက်လက်ခံစားနေရပါသည်။

သယံဇာတကို အခြေခံသော ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ လုပ်ငန်းစဉ်များသည် အထက်အောက်စီးဆင်းမှု ပုံစံဖြစ်ပြီး နေပြည်တော်အစိုးရနှင့် ရင်းနှီးမြှုပ်နှံသည့်စီးပွားရေးကုမ္ပဏီများအကြားတွင်သာ ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်နေသည်။ ဒေသန္တရအစိုးရနှင့် လူထုတို့၏ ပါဝင်မှုအခွင့်အရေးသည် မရှိသလောက်နည်းပါးနေသည်။ ထို့ကြောင့် အောက်ခြေမှ အပေါ်သို့ (Bottom Up) လုပ်ကိုင်ဆောင်ရွက်သည့်ပုံစံများသည် ဒေသခံ လူထုတို့၏ ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်တွင် ပါဝင်ခွင့်ရရှိစေပြီး အကျိုးများစွာဖြစ်ထွန်းစေပါသည်။ ပြည်သူလူထု ကိုယ်တိုင် ပါဝင်ဆုံးဖြတ်ခွင့်၊ စီမံခန့်ခွဲခွင့် မရရှိပါက နိုင်ငံရေးပြဿနာများ ပိုမို ဖြစ်ပေါ်စေသည့်အပြင် ငြိမ်းချမ်းရေး ဖြစ်စဉ်ကိုလည်း များစွာ ထိခိုက်စေမည်ဖြစ်သည်။ သဘာဝသယံဇာတပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုဆိုင်ရာ အခွင့်အရေးနှင့် ပတ်သက်ပြီး တိကျရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိပါက ဗဟိုအစိုးရ ၊ ဒေသခံအစိုးရ (ဒေသန္တရအစိုးရ)နှင့် ပြည်သူများအကြား ဖြေရှင်းရခက်ခဲသောပြဿနာများဆက်ရှိနေမည်ဖြစ်သည်။

ပြည်သူလူထုသည် ၎င်းတို့ လိုလားသောအစိုးရနှင့် ဒေသန္တရအစိုးရများကို ကိုယ်တိုင်ရွေးချယ်တင်မြှောက်ထားသည့်အတွက် ပြည်သူများအနေဖြင့် နိုင်ငံနှင့်ပြည်နယ်အတွင်းရှိ သယံဇာတများကို ၎င်းတို့ ကိုယ်တိုင် စီမံခန့်ခွဲအုပ်ချုပ်ပိုင်ခွင့်ရရှိရေးသည် အဓိကအရေးကြီးသောအစိတ်အပိုင်းဖြစ်ပါသည်။ စီမံအုပ်ချုပ်ခွင့်နှင့်ပတ်သက်ပြီး ဗဟိုအစိုးရ၏ လုပ်ဆောင်ခွင့်အာဏာများနှင့် ဒေသန္တရအစိုးရတို့၏ လုပ်ဆောင်ခွင့် အာဏာများကို သေချာစွာ ခွဲခြားဖော်ပြပေးရေးသည် အဓိကအရေးကြီးလုပ်ဆောင်ရမည့်အခန်းကဏ္ဍတခုလည်း ဖြစ်သည်။

## အနာဂတ် မျှော်မှန်းချက်



Photo-Google

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒေသထွက်သဘာဝသယံဇာတနှင့်သက်ဆိုင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်စီမံခန့်ခွဲပိုင်ခွင့်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းကို တိကျရှင်းလင်းစွာ ဖော်ပြထားပါက လာဘ်စားမှုများ၊ အာဏာပိုင်များနှင့် ၄င်းတို့ကြားဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခများ၊ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်သည်။ ထို့အပြင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများလည်း စီးပွားရေးရင်းနှီးမြှုပ်နှံမှု များအတွက် စည်းစနစ်ကျနစွာလုပ်ကိုင်ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။

သဘာဝသယံဇာတကို အခြေပြုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ဆောင်သည့်အခါ တိကျ ကောင်းမွန်သော မူဝါဒများနှင့်အတူ လူထု၏ သဘောဆန္ဒနှင့် သဘောတူညီချက်များကိုရယူဆောင်ရွက် သွားရမည် ဖြစ်သည်။ သို့မှသာ အနာဂတ်မျိုးဆက်သစ်များနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုး တိုးတက်မှုများကို ပုံဖော်ဖန်တီး နိုင်မည့်အပြင် ခိုင်မာအားကောင်းသော နိုင်ငံ့စီးပွားရေးတစ်ရပ် ရရှိလာမည် ဖြစ်သည်။ လက်ရှိသဘာဝသယံဇာတ တူးဖော်ရေးစီမံကိန်းများနှင့် ပတ်သက်သော လုပ်ဆောင်ချက်များကိုလည်း နိုင်ငံတကာစံချိန်စံနှုန်းနှင့်အညီဆောင် ရွက်ရမည်ဖြစ်သည်။

**Myanmar Mining Watch Network**

## မြန်မာ့သတ္တုမိုင်းစောင့်ကြည့်ရေးကွန်ယက်

### ကွန်ယက်အကြောင်း

မြန်မာ့သတ္တုမိုင်းစောင့်ကြည့်ရေးကွန်ယက်သည် မြန်မာနိုင်ငံအတွင်းရှိသတ္တုမိုင်းကြောင့် ဆိုးကျိုးသင့်နေသည့် ဒေသခံများရှိအခြေခံလူ့အဖွဲ့အစည်းများဖြင့် ၂၀၁၆ ခုနှစ် မြစ်ကြီးနားမြို့တွင် ဖွဲ့စည်းခဲ့ပါသည်။

### မျှော်မှန်းချက်

- သဘာဝအရင်းအမြစ်များနှင့် ဇီဝမျိုး ကွဲများ တည်ရှိမှုကိုကာကွယ်ထိန်းသိမ်းပေးရန်။
- သတ္တုတူးဖော်မှု ဖွံ့ဖြိုးရေး၊ စီမံကိန်းများကြောင့် ဒုက္ခကြုံနေရမည့် ရပ်ရွာများ၊ လူမှုအဖွဲ့အစည်းများ၏ အခွင့်အရေးကိုကာကွယ်ပေးရန်။

### ရည်ရွယ်ချက်

လက်ရှိအစိုးရနှင့်အကျိုးတူကုမ္ပဏီများဆောင်ရွက်နေသောသတ္တုတူးဖော်ရေးစီမံကိန်းများနှင့် အသစ်ထပ်ပြီးချုပ်ဆိုလုပ်ဆောင်မည့် စီမံကိန်းများအားလုံးရပ်တန့်ရန်ဖြစ်သည်။သတ္တုတူးဖော်ရေးစီမံကိန်းများသည် သက်ဆိုင်ရာ ဒေသခံများ၏ အကျိုးထက် နစ်နာဆုံးရှုံးမှုပိုများသောကြောင့် စီမံကိန်းများကိုရပ်တန့်ဖို့ရန် ရပ်တည်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်းလူမှုအဖွဲ့အစည်းများအကြားခိုင်မာအားကောင်းသည့် ကွန်ယက်များ ဖြစ်ပေါ်လာစေရေးသည် မိမိတို့ကွန်ယက်၏ ရည်ရွယ်ချက်ဖြစ်သည်။

၁။မြန်မာနိုင်ငံအတွင်းရှိ ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းဖြစ်သောသဘာဝပတ်ဝန်းကျင်၊ သဘာဝအရင်းအမြစ်များ၊ဂေဟစနစ်များမပျက်စီး၊မဆုံးရှုံးစေရန်နှင့် စီမံကိန်းအကောင်အထည်ဖော်မှုမှ တားဆီးကာကွယ်ရန်ဖြစ်သည်။

၂။တွင်းထွက်သတ္တုတူးဖော်မှုနှင့် ဒေသခံများနစ်နာဆုံးရှုံးမှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများကို တားဆီးကာကွယ်ရန် ဖြစ်သည်။

၃။ လက်ရှိတူးဖော်နေသည့်စီမံကိန်းများနှင့် နောင်တူးဖော်လာမည့် စီမံကိန်းများကို စောင့်ကြည့်၍ ရပ်တန့်စေရန် လုပ်ဆောင်သွားမည် ဖြစ်သည်။

၄။စီမံကိန်းကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ သေဆုံးသူများ၊ ဆုံးရှုံးခဲ့ရသည့် မြေယာများနှင့် အိုးအိမ်များပြောင်းရွှေ့ခံရသောသူများအတွက် ကျန်းမာရေး၊ ပညာရေးအလုပ်အကိုင်များ ပြန်လည် စီစဉ်ပေးဖို့ရန်နှင့် ပံ့ပိုးမှုများကျယ်ကျယ်ပြန့်ပြန့် ရရှိလာစေရေးတို့ဆောင်ရွက်သွားမည်ဖြစ်သည်။

၅။ စီမံကိန်းများ၏ အကျိုးအမြတ်ခံစားပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်ရှိဖို့ ဒေသခံလူထုများ၏ အကြံပြုချက်များကိုအဓိပ္ပာယ်ရှိရှိပါဝင်ဆောင်ရွက်ခွင့် ရရှိစေရန် ကြိုးပမ်းသွားမည်ဖြစ်သည်။

## *Myanmar Mining Watch Network members*

1. Network for Chin community Development (NCCD)
2. Shan State Farmer Network (SSFN)
3. Shan Sapawa
4. Kuki Women's Human Rights Organization (KWHRO)
5. Arakan Oil Watch (AOW)
6. MungchyingRawtJat (MRJ)
7. Kachin Development Network Group (KDNG)
8. Pyartaung Area Social Development Association (PASDA)
9. Ta'ang Students and Youth Union (TSYU)
10. Molo Women Mining Watch Network (MWMWN)
11. Lahu Development Network (LDN)
12. KayahEarthrights Action Network (KEAN)
13. Kuki Student's Democratic Front (KSDF)
14. Karen River Watch Network (KRWN)